

# နှင်းလားဟဲ့ဂျပန် - ၂

ဂျပန်နိုင်ငံရောက် ကျောင်းသူတစ်ယောက်၏အတွေ့အကြုံများအား ပြန်လည်ဝေမျှခြင်း

Mioka Ei Ei Chaw

နောက်ဆုံးရထားကို ဂိတ်ဆုံးအထိစီးပြီး ကိုယ်ပြန်ခဲ့သည်။

မိုးရေစက်တွေနှင့် အေးစက်ပြောင်လက်နေတဲ့ ကတ္တရာလမ်းမပေါ်ကို ခြေချလိုက် ရပြီးဆိုလျှင်ပဲ သည်တစ်ညတော့ ချောချောမောမော ပြန်ရောက်ပြန်ပြီပေ့ါ။

အလုပ်ထဲမှာ စိတ်ရောကိုယ်ပါ အင်နှင့်အားနှင့်လုပ်လာခဲ့သမျှ အပြန်လမ်းမှာ ကိုယ်ဘယ်လိုခံစားနေရသလဲဆိုတာကတော့ အဲဒီနေ့တစ်နေ့မှာ ကြုံတွေ့ခဲ့ရသမျှ အရာ အားလုံးရဲ့ရလဒ်အဖြေဟုပဲ ကျွန်မခံယူမိပါသည်။

ဘာလိုလိုနှင့် ဂျပန်ရောက်တာ ဒီနေ့ဆို နှစ်လပြည့်ပြီ။ အဲသည်နှစ်လဆိုတဲ့ကာလက ကျွန်မအတွက်ကတော့ နှစ်နှစ်လားအောက်မေ့ရလောက်အောင်ကို အတော်လေးခက်ခက်ခဲခဲရုန်းကန်ဖြတ်သန်းခဲ့ရသည်။

ပထမဆုံးအချိန်ပိုင်းအလုပ်ကို ကျောင်းကမိတ်ဆက်ပေးခဲ့သည်။ ဆရာက ကျောင်းသားတွေကို အင်တာဗျူးနှင့်ပတ်သက်တာတွေ အားလုံးကို အသေးစိတ် ပြောပုံဆိုပုံအမူအယာကအစ သင်ပြပေးပြီး အင်တာဗျူး

အသုံးပြုသည်။ သူတို့အခေါ် ဒန်းပျောဆိုသည့် လက်ကိုင်ဖုန်းအရွယ် Touch Screen ပေါ်မှာ လှလှပပလေးတို့ပြီး ဟိုရွေးဒီရွေးနှင့် အော်ဒါကောက်ပြီးလို့ ခလုတ်နှိပ်လိုက်လျှင် ပထမဆုံး အော်ဒါမှာထားသည့်စာရွက်လေး စက်ထဲကနေ တီတီတီဆိုသည့်အသံလေး မြည်ပြီးထွက်ကျလာမည်။ ဖြုတ်ပြီး ကလစ် ဘုတ်ကလေးမှာ တွဲထားလိုက်ရင်ရပြီ။ တပြိုင်နက်တည်းမှာပင် စားဖိုမှူးတွေအတွက်တစ်စောင် ထွက်ပြီးသားကြည့်ပြီးချက်လိုက်ရုံ။ နောက်တစ်နေရာကတော့ ငွေရှင်းသည့်ကောင်တာက စက်ထဲမှာ စားပွဲခုံနံပါတ်နှင့်အတူ တခါတည်း စာရင်းသွင်းပြီးသားဖြစ်သွားသည်။ နောက်တစ်ဆင့်အနေနှင့်က ဟင်းပွဲထွက်လာလျှင် စားဖိုမှူးက ခလုတ်နှိပ်၍ အသံမြည်လျှင် ခုနကကလစ်တွဲထားသည့် ဘုတ်ကလေးအပေါ်မှာ ဟင်းအမည်ကို ခဲတံအနီလေးနှင့် ကန့်လန့်ခြစ်ပြီးယူလာ စားပွဲကို မှန်အောင်ရှာ ဧည့်သည်ရှေ့မှာချပေး၊ ဟင်းပွဲတွေအားလုံးစုံလို့ အော်ဒါစာရွက်ကလေးမှာ အားလုံးခြစ်ပြီးသွားပြီဆိုလျှင် အဲဒီကလစ်ဘုတ်လေး (ဒန်းပျော)လို့ခေါ်သည်ကို ဧည့်သည်စားပွဲလေးပေါ်မှာတင်ပြီးသွားလျှင် ဧည့်သည်က သူစားပြီးချိန် အဲဒီဒန်းပျောလေးကိုယူပြီး ငွေရှင်းကောင်တာသွားပြလိုက်လျှင် Table နံပါတ်ကို ရိုက်ထည့်လိုက်ရုံ။ ဘယ်လောက်ကျတယ်ဆိုတာ ဒန်းပျောမှာလည်း ပေါင်းပြီးသားစက်ထဲမှာလည်းရှိပြီးသား၊ ဧည့်သည်ကပိုက်ဆံရှင်းလျှင်သူပေးသည့်ငွေ Amount ကိုရိုက်ထည့်လိုက်လျှင်ပြန်အမ်းရမည့်ငွေအမောင့်ပေါ်လာပြီးသည်နှင့် တပြိုင်နက် အံ့ခွဲကပါ ပွင့်လာပြီး ထိုအံ့ခွဲထဲမှပိုက်ဆံကိုယူအမ်းပြီးလျှင် Arigatougozaimashita ဒါပါပဲ။



အဲဒီ ဒါပါပဲလေးကို နှစ်ပတ်လောက်တိုင်ပတ်ပါသည်။

တိုင်ပတ်ရခြင်းအကြောင်းရင်းများကတော့.....

'နင်လားဟဲ့ ဂျပန် အပိုင်း (၃)' မှာ ဆက်လက်တင်ဆက်သွားပါမည်။